# သက်ဆာလောနိကမြို့သားတို့ထံ ပေါလုရေးသောဩဝါဒစာဒုတိယစာစောင်

## နိဒါန်း

*ခရစ်တော် တဖန် ကြွလာတော်မူခြင်းနှင့်ပတ်သက်၍ ရှုပ်ထွေးသောယူဆချက်သည် **သက်ဆာလောနိက**မြို့အသင်းတော်တွင်း၌အနှောင့်အယှက်ဖြစ်နေသေး၏။ သခင်ဘုရားကြွလာတော်မူမည့်နေ့ရက်ကျရောက်ခဲ့ပြီဟူသော ယုံကြည်ယူဆချက် မှားယွင်းကြောင်းကို တင်ပြရန်ပေါလုသည် **သက်ဆာလောနိက**ရှိအသင်းတော်ဝင်တို့ထံ ဒုတိယစာစောင်ကိုရေးသားခဲ့ပေသည်။ ခရစ်တော်တစ်ဖန်ကြွလာတော်မမူမီ၊ ကိုယ်တော်ကိုအတိုက် အခံပြုမည့်လူယုတ်မာဟု အမည်တွင်သော သူ၏ဦးဆောင်မှုဖြင့်ဆိုးညစ်ယုတ်မာမှုများသည် အဆိုးရွားဆုံး အခြေအနေသို့ရောက်ရှိလာရဦးမည် ဖြစ်ကြောင်း သွန်သင်၏။*

***သက်ဆာလောနိက** အသင်းတော်ဝင်တို့သည် ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံနေရသော်လည်း မိမိတို့၏ယုံကြည်ခြင်း၌ တည်ကြည်ခိုင်မြဲစေရန်လည်းကောင်း၊ **ပေါလု** နှင့်သူ၏လုပ်ဖော်ကိုင်ဘက်များကဲ့သို့အသက်မွေးဝမ်းကျောင်း ရှာဖွေလုပ်ကိုင်နေကြရန်လည်းကောင်း၊ ကောင်းမြတ်သောအမှုတို့ကိုဆောင်ရွက်ရာတွင် ဖွဲလုံ့လရှိကြရန်လည်းကောင်း၊ တမန်တော်ကြီးက အလေးအနက်တိုက်တွန်းနှိုးဆော်ပေးသည်။*

*ဤစာစောင်သည် ဓမ္မသစ် ကျမ်းစောင်တွင် (၁၄)စောင်မြောက်ဖြစ်သော ကျမ်းစောင်ဖြစ်ပါသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*-နိဒါန်း ၁း၁-၂*
*-ချီးကျူးစကားပြောကြားခြင်း ၁း၃-၁၂*
*-ခရစ်တော်ကြွလာတော်မူခြင်းနှင့်ပတ်သက်၍ သွန်သင်ချက်များ ၂း၁-၁၇*
*-ခရစ်ယာန်ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ နှိုးဆော်ချက်များ ၃း၁-၁၆*
*-နိဂုံး ၃း၁၇-၁၈*

## အခန်းကြီး (၁)

### မင်္ဂလာနှုတ်ခွန်းဆက်ခြင်း

၁။ **ပေါလု**၊**ဆီးလပ်**နှင့်**တိမောသေဦး**တို့က ခမည်းတော်
ဘုရားနှင့်**ယေရှု**သခင်၏လူမျိုးတော်ဖြစ်သည့် **သက်**
**ဆာလောနိက**မြို့ရှိအသင်းတော်ဝင်တို့ထံ စာရေးလိုက်
၂။ ပါသည်။ ငါတို့၏အဖခမည်းတော်ဘုရားနှင့် ခရစ်
တော်**ယေရှု**သခင်ထံသည် သင်တို့အားကျေးဇူးတော်
နှင့် ငြိမ်သက်သာယာခြင်းကိုပေးသနားတော်မူပါစေ။

### ခရစ်တော် ကြွလာချိန်၌ တရားစီရင်တော်မူမည့်အကြောင်း

၃။ ညီအစ်ကိုတို့ ငါတို့သည် သင်တို့အတွက်အဖဘုရား
သခင်အား အစဉ်ကျေးဇူးတင်ကြပါသည်။ ဤသို့ပြု
လုပ်ရန်လည်းသင့်တင့်လှပေသည်။ အဘယ်ကြောင့်
ဆိုသော် သင်တို့၏ယုံကြည်ခြင်းအလွန်ကြီးမားလာ
၍အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ချစ်ခင်မှု
လည်း ပိုမိုတိုးပွားလာသောကြောင့် ဖြစ်၏။
၄။ ထို့အပြင် သင်တို့သည်ညှင်းဆဲနှိပ်စက်ခြင်း၊ ဆင်းရဲ
ဒုက္ခများ ခံနေရသည့်အကြား၌ပင် ယုံကြည်ခြင်း၌
တည်တံ့ခိုင်မြဲကြသောကြောင့် ငါတို့သည်သင်တို့၏
အကြောင်းကို ဘုရားသခင်၏ အသင်းတော်များ
၅။ တွင် ဂုဏ်ယူပြောဆိုကြ၏။ သင်တို့သည် ဘုရား
သခင်၏နိုင်ငံတော်အတွက် ယခု ဆင်းရဲဒုက္ခခံနေ
ကြရ၍ ထိုနိုင်ငံတော်နှင့် ထိုက်တန်သူများဖြစ်လာကြ
၆။ ရပေမည်။ ဘုရားသခင်သည်တရားသဖြင့်စီရင်တော်
မူသော အရှင်ဖြစ်တော်မူသည့်အတိုင်း သင်တို့အား
ညှင်းပန်းနှိပ်စက်သော သူတို့ကို လက်စားချေတော်မူ
၇။ လိမ့်မည်။ **ယေရှု**သခင်သည် ဘုန်းအာနုဘော်တော်
နှင့် ကောင်းကင်တမန်တော်များ ခြံရံလျက် မိုး
ကောင်းကင်မှ ကြွလာတော်မူသောအခါ ကိုယ်တော်
သည် ယခုဆင်းရဲဒုက္ခခံနေရသော သင်တို့အားငါတို့
နှင့်အတူ ငြိမ်းချမ်းသာယာမှုကို ပေးတော်မူ
၈။ လိမ့်မည်။ ထို့နောက် ဘုရားသခင်အားအသိအမှတ်
မပြုသော သူတို့နှင့်သခင်ခရစ်တော်**ယေရှု**၏ ဧဝံ
ဂေလိ တရားတော်ကိုမနာခံသော သူတို့ကို မီးလျှံဖြင့်
၉။ အပြစ်ဒဏ် စီရင်တော်မူလိမ့်မည်။ ထိုသူတို့သည်
သခင်ဘုရား၏ မျက်မှောက်တော်မှ လည်းကောင်း၊
ကိုယ်တော်၏ကြီးမြတ်သော ဘုန်းတန်ခိုးအာနုဘော်
တော်မှဝေးစွာ အပယ်ခံရ၍ထာဝရပျက်စီးဆုံးရှုံးခြင်း

၁၀။ ခံရလိမ့်မည်။ ထိုနေ့ရက်တွင် ကိုယ်တော်သည် မိမိ
၏ သန့်ရှင်းမွန်မြတ်သူတို့အားဖြင့် ဘုန်းဂုဏ်တော်
ထင်ရှား၍၊ ယုံကြည်သူအပေါင်းတို့၏ကြည်ညိုလေး
စားခြင်းကိုခံရလိမ့်မည်။ သင်တို့သည်လည်း ငါတို့
ဟောပြောသက်သေခံသည်ကို ယုံကြည်သည်ဖြစ်၍
ကိုယ်တော်ကို ဂုဏ်ပြုချီးကျူးသည့် လူစုတွင် ပါဝင်
၁၁။ ကြလိမ့်မည်။ ဤအကြောင်းကြောင့် ငါတို့သည်
သင်တို့အတွက် အစဉ်အမြဲဆုတောင်းပတ္ထနာပြုကြ
၏။ ကိုယ်တော်သည် သင်တို့အားမိမိရွေးကောက်
တော်မူခြင်းနှင့် ထိုက်တန်သူများဖြစ်ကြစေရန်ပြုပြင်
ပေးတော်မူပါစေ။ ကိုယ်တော်သည် တန်ခိုးတော်
အားဖြင့် သင်တို့၏ ဆန္ဒမွန်ကို ပြည့်ဝစေတော်မူ၍
ယုံကြည်ခြင်းဖြင့်ပြုသမျှသော သင်တို့၏အမှုတို့ကို
၁၂။ ပြီးပြည့်စုံတော်မူပါစေ။ ဤနည်းဖြင့် ငါတို့သခင်
**ယေရှု**၏ နာမတော်သည် သင်တို့အားဖြင့်လည်း
ကောင်း၊ သင်တို့သည်လည်း ကိုယ်တော်အားဖြင့်
လည်းကောင်း၊ ဘုရားသခင်နှင့် ခရစ်တော်**ယေရှု**
သခင်၏ ကျေးဇူးတော်အားဖြင့် ဘုန်းဂုဏ်တော်
ထွန်းတောက်ကြလိမ့်မည်။

## အခန်းကြီး (၂)

## ဆိုးညစ်ယုတ်မာသူ

၁။ ညီအစ်ကိုတို့ ငါတို့ သခင်**ယေရှု**ခရစ်တော် တဖန်
ကြွလာတော်မူခြင်း အကြောင်းနှင့် ကိုယ်တော်နှင့်
အတူရှိရန် ငါတို့စုရုံးကြရခြင်း အကြောင်းတို့နှင့်
၂။ ပတ်သက်၍သင်တို့အားငါပြောဆို၏။ သခင်ဘုရား
ကြွလာတော်မူသည့် နေ့ရက် ကျရောက်ပြီ ဖြစ်
ကြောင်း ပြောဆိုခြင်းကို ငါတို့ပရောဖက်ပြု၍ ပြော
သော စကားဟူ၍လည်းကောင်း၊ ငါတို့တရားဟော
ရာတွင် ပါရှိသည့် စကားဟူ၍လည်းကောင်း ငါတို့
ရေးသားသည့် စာစောင်တွင် ပါရှိသည့်စကားဟူ၍
လည်းကောင်း၊ လူတို့ထင်မြင်ယူဆပြောဆိုကြသော
အခါ ရုတ်တရက်သင်တို့၏စိတ်ရှုပ်ထွေး၍ မတည်
၃။ ငြိမ်မှုမဖြစ်စေကြနှင့်။ သင်တို့သည်အဘယ်နည်းမျှ
လိမ်လည်လှည့်ဖျားခြင်းမခံကြရစေနှင့်။ ထိုနေ့ရက်
မကျရောက်မီ ဘာသာတရားကိုအတိုက်အခံပြုသော
ဆန့်ကျင်မှုကြီးအလျင်ဖြစ်၍ ငရဲသို့ကျမည့်ဆိုးညစ်
၄။ ယုတ်မာသူပေါ်လာလိမ့်မည်။ သူသည်ဘုရားသခင်
ကိုလည်းကောင်း၊ ဘုရားအမည်ခံကိုးကွယ်ခြင်းခံရ
သောအရာဟူသမျှကိုလည်းကောင်း အတိုက်အခံပြု၍
ဖျက်ဆီးကာ မိမိသည် ဘုရားတကာတို့ထက် တန်ခိုး
ကြီးသည်ဟု ဆိုလိမ့်မည်။ သူသည် ဘုရားသခင်၏
ဗိမာန်တော်ထဲသို့ဝင်၍ထိုင်ကာ မိမိကိုယ် ကိုဘုရား
ဟု ကြေညာသည်အထိပင် ဖြစ်လိမ့်မည်။
၅။ ငါသည် သင်တို့နှင့်အတူရှိခဲ့စဉ်တွင် ဤအကြောင်း
အရာများကို ပြောပြခဲ့သည်ကို သင်တို့ မမှတ်မိကြ
၆။ သလော။ ယခုအခါ ထိုအကြောင်းအရာများမဖြစ်
ပျက်သေးသည်မှာ ဟန့်တားသည့် အရာရှိသော
ကြောင့်ဖြစ်၏။ ထိုအရာသည် အဘယ်အရာဖြစ်
ကြောင်းကိုသင်တို့သိကြ၏။ ထိုလူသည် မိမိအချိန်
ကာလ၌ ထင်ရှားစေခြင်းငှာ ဟန့်တားခြင်း ခံရ
၇။ ကြောင်းကိုလည်း သင်တို့သိကြ၏။ လျှို့ဝှက်သည့်
အပြစ်ဒုစရိုက်သားသည် ယခုအခါတွင်မိမိလုပ်ငန်း
ကို စတင်လှုပ်ရှားလျက်ရှိ၏။ သို့သော် ဟန့်တား
သောသူ ယခုဖယ်ရှားခြင်းခံရသောအခါ ထိုအပြစ်
၈။ ဒုစရိုက်သား ပေါ်ထွက်လာလိမ့်မည်။သို့သော်**ယေရှု**
သခင် ကြွလာတော်မူသောအခါ ထိုသူ့ကိုကိုယ်တော်
သည်မိမိ၏နှုတ်တော်မှ ထွက်သက်လေ ဖြင့်ဖျက်ဆီး
၍ ဘုန်းရောင်ခြည်တော်ဖြင့် ဖယ်ရှားတော်မူလိမ့်
၉။ မည်။ အပြစ်ဒုစရိုက်သားသည် စာတန် နတ်ဆိုး၏
ခွန်အားတန်ခိုးဖြင့် ရောက်ရှိလာသောအခါ အံ့ဩ
ဖွယ်ရာ ထူးဆန်းသော နိမိတ်လက္ခဏာ အမျိုးမျိုးပြ
၁၀။ သလိမ့်မည်။ ထို့နောက် မုချသေကြေ ပျက်စီးကြမည့်
သူတို့အား ယုတ်မာသည့်နည်းအမျိုးမျိုးဖြင့်လှည့်စား
လိမ့်မည်။ ထိုသူတို့သည် ကယ်တင်ခြင်းရနိုင်ရန်
သမ္မာတရားတော်ကို နှစ်သက်လက်ခံမှု မရှိကြသော
၁၁။ ကြောင့် ယင်းသို့သေကြေပျက်စီးရပေတော့အံ့။ ဤအ
ကြောင်းကြောင့်ဘုရားသခင်သည် အမှားဖြစ်စေသည့်
စွမ်းအင်ကို သူတို့ထံစေလွှတ်၍ သူတို့အား အမှားကို
၁၂။ ယုံကြည်စေ၏။ ထို့ကြောင့် သမ္မာတရားကိုမယုံ
ကြည်ဘဲ၊အပြစ်ဒုစရိုက်၌မွေ့လျော်သော သူအပေါင်း
တို့သည် အပြစ်ဒဏ်စီရင်တော်မူခြင်းကို ခံရကြ
လတ္တံ့။

## ကယ်တင်ခြင်းခံရစေရန်သင်တို့အား ရွေးကောက် တော်မူခြင်း

၁၃။ ဘုရားသခင်ချစ်တော်မူသော ညီအစ်ကိုတို့ သင်တို့
အတွက် ငါတို့သည်ဘုရားသခင်၏ ကျေးဇူးတော်
ကိုအစဉ်အမြဲချီးမွမ်းရကြပေမည်။အကြောင်းမူကား

သင်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း
သို့ ရောက်စေခြင်းငှာလည်းကောင်း၊ ဝိညာဉ်တော်
မြတ်၏ တန်ခိုးအားဖြင့် သန့်ရှင်းမွန်မြတ်စေခြင်းငှါ
လည်းကောင်း၊ ဘုရားသခင်သည် သင်တို့ကို ဦးစွာ
၁၄။ ပထမ ရွေးကောက်တော်မူသောကြောင့်တည်း။ ဤ
ရည်ရွယ်ချက်ကြောင့် ကိုယ်တော်သည် သင်တို့ကို
ငါတို့ ဟောပြောသော ဧဝံဂေလိသတင်းကောင်းဖြင့်
ရွေးကောက် တော်မူခဲ့သည်။ ကိုယ်တော်သည် သင်
တို့ကို ခရစ်တော်၏ဘုန်းဂုဏ်တော်တွင် ပါဝင်ဝေ
၁၅။ ခံစား စေလိုတော်မူသည်။ သို့ဖြစ်၍ ညီအစ်ကို တို့
ငါတို့သည် သင်တို့အား နှုတ်အားဖြင့်သော်လည်း
ကောင်း၊စာဖြင့်သော်လည်းကောင်း၊ သင်ကြားပေးခဲ့
သော ထုံးတမ်းစဉ်လာများကိုစွဲမြဲစွာ ထိန်းသိမ်းကြ
၁၆။ လော့။ ငါ့အရှင် ခရစ်တော်**ယေရှု**သခင်ကိုယ်တိုင်
သည်လည်းကောင်း၊ မိမိ၏ ကြင်နာသနားတော်မူ
ခြင်းဖြင့် ထာဝရဖြေသိမ့်မှုနှင့် စစ်မှန်သော မျှော်လင့်
ချက်ကို ပေးတော်မူသော အဖ ခမည်းတော် ဘုရား
၁၇။ သည်လည်းကောင်း၊ သင်တို့၏စိတ်နှလုံးကိုခွန်အား
ဖြည့်တင်းပေးတော်မူပါစေ။ ကောင်းမြတ်သောအမှု
နှင့် ကရုဏာလုပ်ငန်းအမျိုးမျိုးကိုအစဉ်အမြဲဆောင်
ရွက်ရန် ခွန်အားပေးတော်မူပါစေသော်။

## အခန်းကြီး (၃)

## ငါတို့အတွက်ဆုတောင်းကြလော့

၁။ ညီအစ်ကိုတို့ နောက်ဆုံးမှာကြားလိုသည်မှာ ဘုရား
သခင်၏နှုတ်ကပတ်တရားတော်သည် သင်တို့တွင်
ပျံ့နှံ့ကာ ဂုဏ်တော်ထွန်းတောက်သကဲ့သို့ အရပ်ရပ်
တွင်လည်းလျင်မြန်စွာ ပျံ့နှံ့ထွန်းတောက်သွားစေရန်
၂။ ငါတို့အတွက် ဆုတောင်းကြလော့။ ဘုရားသခင်
သည် ငါတို့အား ဆိုးညစ်ယုတ်မာသော သူတို့၏
ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်ရန် ဆု
တောင်းကြလော့။ အဘယ်ကြောင့်ဆိုသော် လူတိုင်း
တရားတော်ကိုသူတိုင်း မယုံကြည်ကြသေးချေ။
၃။ သို့ရာတွင် သခင်ဘုရားသည် သစ္စာရှိတော်မူသည်
ဖြစ်၍ သင်တို့ကို ခွန်အားဖြည့်ပေးကာ နတ်ဆိုး၏
၄။ ဘေးမှကာကွယ်တော်မူလိမ့်မည်။ထို့အပြင် သင်တို့
သည် ငါတို့ မိန့်မှာသမျှကို လိုက်နာဆောင်ရွက်နေ
ကြပြီး ဆက်လက်၍လည်း လိုက်နာဆောင်ရွက်မည်
ဖြစ်ကြောင်း ငါတို့သည် ဘုရားသခင်ကို အမှီပြု၍
၅။ ယုံကြည်စိတ်ချပါ၏။ သင်တို့၏ စိတ်နှလုံးသည်
ဘုရားသခင်အား ချစ်ခင်ခြင်းနှင့် ခရစ်တော်ရှင်
အတွက် ယုံကြည်ခြင်း၌ တည်ကြည်ခိုင်မြဲစေရန်
လည်းကောင်း၊ ခရစ်တော်နည်းတူ သည်းခံနိုင်ကြစေ
ရန်လည်းကောင်း၊ သခင်ဘုရားသည် သင်တို့အား
လမ်းညွှန် ပေးတော်မူပါစေ။

## လူတိုင်းအလုပ်လုပ်ကြရမည်

၆။ ညီအစ်ကိုတို့ ငါတို့၏ သွန်သင်ချက်များကို ဆန့်
ကျင်ပြီး၊ အလုပ်မလုပ်ဘဲ ပျင်းရိနေသော မည်သည့်
ညီအစ်ကိုကိုမဆို သင်တို့သည်ဝေးဝေးရှောင်ကြရန်
ခရစ်တော်၏နာမ၌ အမှီပြုလျက် ငါတို့ပညတ်၏။
၇။ ငါတို့သည် သင်တို့နှင့်အတူရှိခဲ့ကြစဉ် အလုပ်လုပ်
ကိုင်ခဲ့ကြသည်ကို သင်တို့သည် ငါတို့၏စံနမူနာ
၈။ လိုက်သင့်ကြပေသည်။ ငါတို့စားစရိတ်မှန်သမျှကို
ငါတို့ကျခံခဲ့ကြ၏။ ငါတို့အတွက်ကြောင့် သင်တို့
တာဝန်လေးမှု မဖြစ်စေရန် ငါတို့သည်နေ့ရောညပါ
၉။ ပင်ပန်းစွာ အလုပ်လုပ်ခဲ့ကြသည်။ ငါတို့သည် ထိုကဲ့
သို့ ပင်ပန်းစွာအလုပ်မလုပ်ဘဲ နေနိုင်ကြသော်လည်း
သင်တို့အား စံနမူနာပေးလိုသောဆန္ဒရှိသောကြောင့်
၁၀။ ဖြစ်၏။ ထို့အပြင် ငါတို့သည်သင်တို့နှင့် ရှိစဉ် အခါ
ရှင်းလင်းစွာ ပြောဆိုခဲ့သည်မှာ အလုပ်မလုပ်လိုသူ
သည် အစားအစာလည်း မစားရ ဟူ၍ သင်တို့တွင်
၁၁။ အချို့သော သူတို့သည် အလုပ်မလုပ်ဘဲ သူတစ်ပါး
တို့၏ ကိစ္စများတွင်ဝင်ရောက် စွက်ဖက်နေကြောင်း
အချိန်ဖြုန်းတီးလျက် နေကြကြောင်းငါတို့ကြားသိရ
၁၂။ ၏။ထိုသူတို့အားလုံးအလုပ် လုပ်ကိုင်ကြ၍ မိမိအ
သက်မွေးဝမ်းကျောင်းအတွက် ရှာဖွေလုပ်ဆောင်ကြ
ရန် ခရစ်တော်၏ နာမတော်ကို အမှီပြုလျက် အမိန့်
ပေး၍ ငါတို့ တိုက်တွန်းပါ၏။
၁၃။ အသင် ညီအစ်ကိုအပေါင်းတို့ သင်တို့သည် ကောင်း
မှုကို ပြုကျင့်ရာ၌ စိတ်မပျက်အားမလျော့ကြနှင့်။
၁၄။ အကယ်၍ တစ်စုံတစ်ယောက်သော သူသည် ဤစာ
စောင်ရှိ ငါတို့၏ ညွှန်ကြားချက်များကို မနာခံလျှင်
သူ့ကို သတိပြုကာလျစ်လျူရှုထားလော့၊ သို့မှသာ
၁၅။ သူသည် အရှက်ရလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကာမူ
သူ့အား ရန်သူတစ်ဦးကဲ့သို့ သဘောထား၍ မဆက်
ဆံဘဲ ညီအစ်ကိုရင်းပမာ သတိပေးနှိုးဆော်လော့။

## နိဂုံးချုပ်စကား

၁၆။ ငြိမ်သက်ခြင်း၏အရှင်သခင်ဘုရား ကိုယ်တော်တိုင်
သင်တို့အား မိမိ၏ ငြိမ်းချမ်းသာယာခြင်း ကျေးဇူး
တော်ကိုနည်းအမျိုးမျိုးဖြင့် အစဉ်ပေးသနားတော်မူပါ
၁၇။ စေ။ ဘုရားသခင်သည်ငါ၏လက်ဖြင့် ဤစာလုံးများ
ကိုရေး၏။ငါ**ပေါလု**သည် သင်တို့အားနှုတ်ဆက်၏။
ငါပေးပို့သော စာတိုင်းတွင်ဤအတိုင်းလက်မှတ်ရေး
၁၈။ ထိုး၏။ ဤကဲ့သို့ ငါရေး၏။ ငါတို့ အရှင်သခင်
**ယေရှု**၏ကျေးဇူးတော်ကို သင်တို့အားလုံးခံစားရကြ
ပါစေသတည်း။